# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၁၆ ရက်မြောက်နေ့အစီအစဉ်

# [ ၇-၂-၂၀၁၃ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ တင်းတောင်ကျေးရွာအုပ်စု၊ တင်းတက်ကျေးရွာ၊ အ.ထ.က(ခွဲ)မှ အ.ထ.ကကျောင်းအဖြစ်သို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **အိန္ဒိယနိုင်ငံရှိ ဥတ္တရာပရာဒေ့ချ် ပြည်နယ်၊ သင်္ကသနဂိုရှိ ယဉ်ကျေးမှုဒေသများ အပါအဝင် အထိမ်းအမှတ် နေရာများအား ဆန္ဒတူနိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်း၍ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးတင်ဝင်း၊ ကောလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်၊ ယင်းတိုက်အုပ်စု၊ သစ်ဆိမ့်ကုန်း ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦအား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်၊ သုံးပွင့်ဆိုင်နယ်စပ်ဒေသ၊ ကုလက်ချောင်း(ဒိုးချောင်းဝ)ရွာ၌ ကျေးလက်ကျန်းမာရေး ဌာန(R.H.C) အသစ်ဖွင့်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **နည်းပညာတက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ဘောလုံးအားကစားကွင်း တည်ဆောက်ရန်နှင့် အားကစားမြှင့်တင်စေရန် မည်သို့ စီမံဆောင်ရွက် ထားသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **(၂၆)ကြိမ်မြောက် ပြိုင်ပွဲတွင် ဆုလုံးဝမရရှိခဲ့သည့် ကစားနည်း (၈)မျိုးအတွက် အောင်နိုင်မှု အလားအလာအခြေအနေနှင့် အခြားသော အားကစားနည်းများကို နိုင်ငံတကာနှင့် ဖိတ်ခေါ်လက်ရည်စစ်ပြိုင်ပွဲများကို မိမိတို့ကွင်းများမှာ ဖိတ်ခေါ်ယှဉ်ပြိုင်မှု အခြေအနေ ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်က **"နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေး"** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ **" ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ "** ထုတ်ပြန်ပြီးစီးမှုအား လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။